# (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ
# အကြိုညှိနှိုင်းဆွေးနွေးပွဲ
# သဘာပတိ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊
# ဒေါက်တာရီရီမြင့် ပြောကြားမည့် မိန့်ခွန်း

၂၈-၁၂-၂၀၁၅(တနင်္လာနေ့)

(၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြပါသော၊ ညီလာခံ ကိုယ်စားလှယ်ဆရာကြီး၊ ဆရာမကြီးများ ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာ ချမ်းသာကြပါစေလို့ မေတ္တာပို့သရင်း၊ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အခုလို အေးချမ်းတဲ့ ဒီဇင်ဘာလရောက်တိုင်း နိုင်ငံအရပ်ရပ်မှာ ရှိကြတဲ့၊ ကျမတို့ မြန်မာ့တိုင်းရင်းဆေးသမားတော်များ အချင်းချင်း ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်ရကြလို့ ပျော်ရွှင် ချမ်းမြေ့ ကြမှာ ဖြစ်သလို၊ ကျမအနေနဲ့တော့၊ အခုလို ဆရာကြီး/ ဆရာမကြီး များ စုံစုံလင်လင်နဲ့ ပထမဆုံးအကြိမ် တွေ့ရတာ ဖြစ်ပေမယ့်၊ မိတ်ဆွေရင်းများနဲ့ တွေ့ဆုံရသလို၊ ပျော်ရွှင်ဝမ်းသာ မိပါကြောင်း၊ ပထမဦးစွာ ပြောကြားချင်ပါတယ်။

ဆရာကြီး၊ ဆရာမကြီးများအားလုံး သိရှိပြီးဖြစ်တဲ့အတိုင်း၊ ဒီကနေ့ကတော့၊ မနက်ဖြန်မှာ ကျင်းပမယ့် (၁၆)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံအတွက်၊ အကြိုညှိနှိုင်းဆွေးနွေးကြရမှာဖြစ်ပါတယ်။ ယခုနှစ် ညီလာခံမှာ၊ အဆိုတင်သွင်း/ထောက်ခံကြရမယ့် ခေါင်းစဉ် (၅)ခု စီစဉ်ထားပါတယ်။ ကနဦးတင်ပြလိုတာကတော့ အဆို/အထောက် ခေါင်းစဉ်များကို ကျမတို့အဖွဲ့နဲ့ ဆွေးနွေးခဲ့ပါတယ်။ ကျန်ခဲ့တဲ့ ကပ်ရက်နှစ်တွေက ခေါင်းစဉ်တွေနဲ့ ထပ်နေလို့လည်း မဖြစ်ပါဘူး။ နောက်တစ်ချက်က၊ ကျမတို့ တိုင်းရင်းဆေးလောကအတွက် ခေတ်ကာလနဲ့အညီ ဆောင်ရွက်သင့်၊ ဆောင်ရွက်နိုင်မှာတွေကို ဝိုင်းဝန်းစဉ်းစားခဲ့ပါတယ်။

- ပထမအဆိုအနေနဲ့က၊ ကျမတို့အနေနဲ့ တိုင်းရင်းဆေးဆရာအားလုံး ချစ်ခင်စည်းလုံး ညီညွတ်စေချင်တယ်။ ethic လို့ခေါ်တဲ့ ဆေးဆရာတွေရဲ. ကိုယ်ကျင့်တရား၊ သိက္ခာမြင့်မားစေချင်တယ်။ ပညာ အတွေ့အကြုံများလည်း တိုးတက်စေချင်တယ်။ အဲ့ဒါကြောင့် ပြည်နယ်/ တိုင်းဒေသကြီးအားလုံးမှာရှိတဲ့ တိုင်းရင်းဆေးရုံ/ဆေးခန်း ဝန်ထမ်းဆေးဆရာများနဲ့ ပြင်ပကဆေးဆရာများ မကြာခဏ တွေ့ဆုံဆွေးနွေးပွဲတွေ၊ စဉ်ဆက်မပြတ် ပြုလုပ်စေချင်လို့ အဆို(၁)ခု ကို စီစဉ်ခဲ့တာဖြစ်ပါတယ်။

- အဆို(၂)အနေနဲ့၊ တိုင်းရင်းဆေးပညာနဲ့ ရောဂါရှာဖွေစမ်းသပ်တဲ့ပညာရပ်တွေ ရှေးအတွေ့အကြုံရှိတဲ့ ဆရာကြီးများ အသုံးပြုခဲ့ကြပြီး၊ အခုခေတ် တိုင်းရင်းဆေးပညာရှင်တွေ အသုံးနည်းတယ်လို့၊ ယူဆမိပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးပညာရဲ့ မူရင်း-ရောဂါ စမ်းသပ်အကဲဖြတ်တဲ့ နည်းပညာတွေ ဖော်ထုတ်စေချင်တယ်။ အခုခေတ် လူငယ်ပညာရှင်များလည်း လေ့ကျင့်အသုံးပြုစေချင်တဲ့ သဘောဖြစ်ပါတယ်။
- နောက်အဆိုကတော့၊ ကျမတို့ တိုင်းရင်းဆေးရုံ/ဆေးခန်းတွေမှာ ပြင်ပကအတွေ့အကြုံရှိတဲ့ ဆရာကြီးများရဲ့ ကုထုံးနည်းစနစ်တွေ ဆေးကောင်း၊ ဝါးကောင်းတွေကို လက်တွေ့အသုံးချနိုင်ရေးကို ဆောင်ရွက်စေချင်တာနဲ့ သက်ဆိုင်တာဖြစ်ပါတယ်။
- အဆို(၄)ကတော့၊ ပြည်သူလူထုကို သူတို့နဲ့ လက်ကမ်းမှီတဲ့ ဆေးပင်တွေကို၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးစေချင်တယ်။ အဲ့ဒီ ဆေးပင်တွေရဲ့ ဆေးအသုံးတွေကို သိရှိ၊ အသုံးချနိုင်မယ် ဆိုရင်၊ ဒါ ကျန်းမာရေးစောင့်ရှောက်မှုတစ်ခုပဲ၊ အပ်နဲ့ထွင်းရမယ့် ကိစ္စ၊ ပုဆိန်နဲ့ မခွဲရတော့ဘူး-- ဆိုတဲ့ သဘောဖြစ်ပါတယ်။
- နောက်ဆုံး အဆိုတစ်ခုကလည်း အရေးကြီးပါတယ်။ ကျမတို့ နိုင်ငံမှာ - အရင်းအမြစ် မြေနေရာတွေရှိပါတယ်။ ပရဆေး

ကုန်ကြမ်းတွေ ပြည်ပကနေ တင်သွင်းနေရတာတွေရှိပါတယ်။ ကိုယ့်ဆီမှာ စိုက်ပျိုးထုတ်လုပ်နိုင်ရင်၊ ပရဆေးပစ္စည်း အစစ်အမှန်၊ သန့်သန့်ပြန့်ပြန့် ရနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အဲ့ဒီ ပရဆေးစိုက်ပျိုးရေးကို တွန်းအားပေးချင်တာ ဖြစ်ပါတယ်။

အခု တင်ပြခဲ့တာတွေကတော့၊ ယခုနှစ်ညီလာခံရဲ့ အဆိုပြုချက်တွေဖြစ်ပါတယ်။ ဒီနှစ်အတွက် ကျမတို့ ထူးထူး ခြားခြား စီစဉ်ခဲ့တာ တင်ပြချင်ပါတယ်။ အဲ့ဒါက ယခုနှစ် အဆိုအထောက်များကို core-group ဖွဲ့ပြီး၊ ဌာနတွင်း၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ပြည်နယ်/တိုင်းဒေသကြီးက ပညာရှင်တွေ၊ တိုင်းရင်းဆေးရုံ၊ ဆေးခန်းက ဆေးဆရာတွေနဲ့ ပြင်ပက ဆရာများ ပါဝင်ပြီး ရေးသားပြုစုခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် တစ်ဦးတစ်ယောက်တည်းရဲ့ သဘော မဟုတ်ဘဲ၊ ဆေးဆရာအများစုရဲ့ ဆန္ဒ၊ သဘောထား၊ အကြံပြု ထောက်ခံချက်တွေ ဖြစ်ပါတယ်။ ဒါ့အပြင် နှီးနှော ဖလှယ်ပွဲနေ့ရဲ့ နံနက်ပိုင်း တစ်ခုလုံး၊ အဲ့ဒီအဆို/ အထောက်တွေကို Action Plan ရေးဆွဲနိုင်အောင် ဆွေးနွေးပေးကြဖို့ ဖြစ်ပါတယ်။ ဆိုလိုရင်းကတော့၊ ယခုနှစ် ညီလာခံမှာ အများသဘောရဲ့ဆန္ဒပြု၊ အဆိုပြုချက်တွေကို ကျမတို့ ဦးစီးဌာနနဲ့အတူ၊ တိုင်းရင်းဆေးဆရာအသင်းနဲ့ ကောင်စီ၊ ပြင်ပဆရာတွေပါ၊ ပူးပေါင်းဆောင်ရွက်ပြီး၊

အကောင်အထည် ဖော်သင့်တာတွေ၊ တိုးတက်အောင် လက်တွေ့ ဆောင်ရွက် နိုင်ကြအောင် ဖြစ်ပါတယ်။

ကျမအနေနဲ့ ခုလို စုံစုံညီညီ တွေ့ဆုံတုန်းမှာ ဆရာကြီး၊ ဆရာမကြီးများကို ရှင်းလင်းတင်ပြချင်တာလေးတွေ ဆွေးနွေးချင် ပါတယ်။

တိုင်းရင်းဆေးပညာဦးစီးဌာနကို ကျမတာဝန်ယူခွင့်ရရှိခဲ့တာ၊ နှစ်ဝက်(၆)လလောက်ရှိခဲ့ပါပြီ။ ဒါကလည်း နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်ဖြစ်ပါတယ်။ ကျမအနေနဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်တဲ့ အတွက် ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင်၊ အောင်မြင်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီ (၆)လလောက် အတွင်းမှာ ကျမ ပခုံးပေါ် ကျရောက်လာတဲ့ ဒီတာဝန်အတွက်၊ တိုင်းရင်းဆေး လောကကို အားစိုက်ပြီး လေ့လာခဲ့ပါတယ်။ တကယ်တော့ တိုင်းရင်းဆေးဆိုင်ရာကိစ္စတွေ နိုင်ငံတော်အပိုင်းက လုပ်ဆောင် စရာတွေ အများကြီးရှိသလို၊ ယခုတက်ရောက်လာကြတဲ့ သမားတော် ကိုယ်စားလှယ်ကြီးများနဲ့လည်း ခင်ခင်မင်မင်၊ စည်းစည်းလုံးလုံး လက်တွဲ ပူးပေါင်း ဆောင်ရွက်စရာတွေလည်း ရှိမှာ ဖြစ်ပါတယ်။

ပထမဆုံးတင်ပြချင်တာက တိုင်းရင်းဆေးကောင်စီက - တဆ လက်မှတ်ကိစ္စများ ဖြစ်ပါတယ်။ အရင်ညွှန်ချုပ်များ လက်ထက်မှာ -

တဆ- အတုတွေ တော်တော်ကို ရှင်းလိုက်ရတယ်လို့ သိရပါတယ်။ တဆ- အတုဆိုတာ တိုင်းရင်းဆေးလောကအတွက် ကောင်းတဲ့ လက္ခဏာ မဟုတ်ပါဘူး။ အဲ့ဒီလို အတုတွေကြောင့် ကျမတို့ရဲ့ စစ်မှန်တဲ့ ဆေးဆရာများရဲ့ ဂုဏ်သိက္ခာ ထိခိုက်ပါတယ်။ ပြည်သူတွေ နစ်နာပါတယ်။ ခုခေတ်မှာ တဆ- အတုတွေ မရှိသလောက်ဖြစ်ပြီး၊ အမှန်တကယ် ဆေးဆရာများ တဆ- အသစ် ထုတ်ပေးတာဖြစ်ဖြစ်၊ သက်တမ်းတိုးတာဖြစ်ဖြစ်၊ စစ်မှန်တဲ့ အထောက်အထားတွေ ပြနိုင်ရင် ကျမတို့ မြန်နိုင်သမျှမြန်အောင်၊ စီစဉ်ဆောင်ရွက်ပေးပါတယ်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်ကိစ္စတွေလည်း ရှိပါတယ်။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ရေးကိစ္စမှာ ကျမ လက်ထက်မှာ (၂)ပိုင်းရှိပါတယ်။ တစ်ပိုင်းက ပြည်တွင်းက တိုင်းရင်းဆေးတွေကို ကိုယ့်နိုင်ငံဥပဒေနဲ့ အညီ၊ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဘက်မှာလည်း မကြာခင်နှစ် (၄,၅)နှစ်အတွင်း အာဆီယံတိုင်းရင်းဆေးတွေကို မှတ်ပုံတင် လက်ခံ ရတော့မှာ ဖြစ်ပါတယ်။ ပြည်တွင်းက ဆေးတွေတော့ ကိုယ့်နိုင်ငံ တွင်းမှာ လက်ခံရတာဖြစ်ပေမယ့်၊ အာဆီယံဆေးတွေ ဝင်လာတဲ့အခါ၊ ကိုယ့်နိုင်ငံက တိုင်းရင်းဆေးတွေလည်း နောက်မကျအောင်၊ ဘယ်လို စီစဉ် ဆောင်ရွက်ရမလည်း ဆိုတာတွေ၊ စဉ်းစား တွေးဆ ကြံစည် နေရပါတယ်။ ခုလောလောဆယ်မှာ တိုင်းရင်းဆေးဝါးဥပဒေကို

ပြင်ဆင်ပြီး တင်ပြထားပါတယ်။ အဲ့ဒီဥပဒေမှာတော့ ပြည်တွင်း တိုင်းရင်းဆေးတွေ မှတ်ပုံတင်နိုင်သလို၊ ပြည်ပ တိုင်းရင်းဆေး တွေလည်း မှတ်ပုံတင်ခွင့် ရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် စနစ် တကျ ပြည်သူလူထု အကျိုး၊ ကိုယ့်အကျိုး မျှတ ကောင်းမွန်အောင် ထုတ်လုပ်ကြမည့် တိုင်းရင်းဆေးတွေအတွက်၊ မှတ်ပုံတင် လုပ်ငန်းများကိုလည်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ဖို့ စီစဉ် ဆောင်ရွက်လျက် ရှိပါတယ်။

ဦးစီးဌာနအနေနဲ့၊ ပြည်နယ်/တိုင်းဒေသကြီးတွေမှာ တိုင်းရင်းဆေးရုံ အဆင့်တိုးမြှင့်တာတွေ၊ အသစ်ဆောက်လုပ်တာတွေ ဆရာကြီး၊ ဆရာမကြီးများကြား သိရှိတွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ဆေးရုံ/ဆေးခန်းဆိုတာ အဆောက်အဦး ရှိရုံနဲ့ မရပါဘူး။ ဆေးဆရာ/ ဆေးဝါး၊ သန့်ရှင်းသာယာလှပရေးကအစ စီစဉ်ရတာတွေမှာ၊ အစိုးရ ဌာနအနေနဲ့ အခြေအနေ၊ အချိန်အခါ၊ အကန့်အသတ်တွေ ရှိပါတယ်။ အဲ့ဒီလို အကန့်အသတ်တွေကြားထဲက၊ ကျန်းမာရေး ဝန်ကြီးဌာန၊ ကျမတို့ ဦးစီးဌာနက ကြိုးပမ်းပြီး၊ ခုလို တိုင်းရင်းဆေးရုံ၊ ဆေးခန်းတွေ တိုးချဲ့လာတာ၊ ကျမတို့ တိုင်းရင်းဆေးလောကနဲ့ ပြည်သူလူထုအတွက် အားရကျေနပ်စရာ ဖြစ်ပါတယ်။ ပြည်နယ်/ တိုင်းဒေသကြီး တိုင်းရင်းဆေးရုံတွေကိုလည်း သက်ဆိုင်ရာဒေသက

တိုင်းရင်းဆေးပညာရှင်များ၊ လုပ်ငန်းရှင်များက၊ ဆေးရုံ လိုအပ်ချက်များအတွက် အလှူငွေ ပါဝင်ပံ့ပိုးကြတာတွေလည်း ရှိပါတယ်။ ဒီအတွက် ကျမတို့က ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာပါတယ်။ အဲ့ဒီလိုပဲ ဒေသအလိုက် တိုင်းရင်းဆေးရုံတွေ သာယာ လှပ သန့်ရှင်းရေးကအစ လိုအပ်ချက်များကို အဲ့ဒီဒေသက ဆရာများလည်း ဝိုင်းဝန်းပူးပေါင်း ပံ့ပိုးပေးကြဖို့ မေတ္တာရပ်ခံ တိုက်တွန်းချင်ပါတယ်။

နောက်တစ်ခုက ကျမတို့ မြန်မာ့တိုင်းရင်းဆေးကို ကိုယ့်ပြည်တွင်းမှာပဲ၊ ရပ်တည်နေလို့ မရတဲ့ခေတ်ဖြစ်ပါတယ်။ ASEAN (အာဆီယံ)၊ ဘင်းစတက်၊ မဲခေါင်၊ တရုတ်၊ ဂျပန်၊ အိန္ဒိယနိုင်ငံများနဲ့ ပူးပေါင်း ဆောင်ရွက်နေရတာတွေ ရှိပါတယ်။ အဲဒီပူးပေါင်း ဆွေးနွေးပွဲ၊ ပြပွဲတွေမှာ ကိုယ့်နိုင်ငံတိုင်းရင်းဆေး၊ အထင်သေး မခံရအောင်လည်း အားထုတ်ရပါတယ်။ ကိုယ်စားလှယ်ကြီးများထဲက၊ အချို့လုပ်ငန်းရှင်၊ ပညာရှင်ကြီးများ ပြည်ပ တိုင်းရင်းဆေးဆိုင်ရာ ဆွေးနွေးပွဲတွေ၊ ပြပွဲတွေမှာ ပါဝင်တက်ရောက်ဘူးကြပါတယ်။ ကျမတို့ဌာနဆိုင်ရာ ကိုယ်စားလှယ်တွေကိုလည်း ကူညီပံ့ပိုးတာတွေ ရှိပါတယ်။ ဒါကျမတို့ အနေနဲ့ ခုလိုပူးပေါင်းပါဝင်တာကို အားလည်းရ၊ ကျေးဇူးလည်းတင်ပါတယ်။

အထူးသဖြင့် အာဆီယံတိုင်းရင်းဆေးကဏ္ဍ၊ ဈေးကွက်ဖြစ်ပေါ် လာချိန်မှာ ကိုယ်လည်း ဘယ်လိုပြင်ဆင်ရမလည်း ဆိုတာ၊ လုပ်ငန်းရှင်၊ ပညာရှင်ကြီးများလည်း သိရှိနိုင်တာဖြစ်ပါတယ်။ အခုလိုပဲ ဌာနနဲ့လက်တွဲပြီး၊ မြန်မာ့တိုင်းရင်းဆေး နိုင်ငံတကာ အဆင့်မှာ ရင်ဘောင်တန်းနိုင်အောင် သာလွန်နိုင်အောင်၊ အားထုတ် ကြိုးပမ်းကြဖို့ တိုက်တွန်းချင်ပါတယ်။

အနှစ်ချုပ် တင်ပြရရင်၊ မြန်မာ့တိုင်းရင်းဆေးတိုးတက်ဖို့၊ နိုင်ငံတော်အပိုင်း၊ ကျမတို့ဦးစီးဌာနအပိုင်း တစ်ခုတည်းနဲ့ ဆောင်ရွက်လို့ မရနိုင်ပါဘူး။ တိုင်းရင်းဆေးလောကသားတွေဖြစ်တဲ့ ယခုကိုယ်စားလှယ်ကြီးများကလည်း နားလည်မှုရှိရှိနဲ့ ပူးပေါင်း ပါဝင်ကြဖို့၊ ကျမအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ ကျမဟာ အနောက်တိုင်းဆရာဝန်ဖြစ်ပေမယ့် မြန်မာလူမျိုးဖြစ်ပါတယ်။ မြန်မာလူမျိုး ကျမအနေနဲ့ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးရဲ့ ဆေးပညာ ဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ နိုင်ငံတော်က ပေးအပ်တဲ့ တာဝန်ကို ကြိုးပမ်းထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။ ယခု ကိုယ်စားလှယ်ကြီးများဟာ ကျမတို့ဌာနရဲ့ လက်တွဲဖော်တွေ ဖြစ်ပါတယ်။ ယခုတိုင်းရင်းဆေးညီလာခံမှာပဲ၊ ဆရာကြီး၊

ဆရာမကြီးများရဲ့ အာဘော်တွေ ပါဝင်အောင် စတင်ဆောင်ရွက်ထားရှိပါတယ်။ စောစောက တင်ပြထားတဲ့အတိုင်း၊ အဆိုပြုချက်တွေကို ဦးစီးတစ်ခုတည်း မဟုတ်ဘဲ ပြင်ပပညာရှင်များရော၊ ပါဝင်ရေးသား ပြုစုစေခဲ့ပါတယ်။ ဒုတိယနေ့မှာလည်း ကိုယ်စားလှယ်အားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးနိုင်အောင်လို့ နေ့ဝက်စီစဉ်ထားတာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ယခုတိုင်းရင်းဆေးညီလာခံဟာ၊ ဆရာတို့/ဆရာမတို့ရဲ့ ဆန္ဒသဘောထားတွေ ဖြစ်လာပါတယ်။ အဲ့ဒီက ဆွေးနွေးအကြံပြုချက်များကိုလည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ယခုလိုအေးမြသာသာတဲ့ အချိန်အခါမှာ၊ ကျမအနေနဲ့ လက်တွဲဖော် တိုင်းရင်းဆေးသမားတော်များ ညီလာခံကိုယ်စားလှယ်များနဲ့ စတင်တွေ့ဆုံ ဆွေးနွေးပြောကြားခွင့်ရတာ၊ ပျော်ရွှင်ကြည်နူးမိပါတယ်။ ယခု အဆို/အထောက်များ တင်သွင်းဖတ်ကြား ထောက်ခံကြမယ့် ကိုယ်စားလှယ်များကိုလည်း အဆင်ပြေအောင် ရွေးချယ်ပေးကြပါ။ မိမိတို့အုပ်စုအလိုက် ချစ်ခင်ပွင့်လင်း၊ နားလည်မှုနဲ့ ဆွေးနွေးညှိနှိုင်းကြပါ။ မနက်ဖြန် ညီလာခံမှာလည်း တက်တက်ကြွကြွ၊ လန်းလန်းဆန်းဆန်း၊ ကြည်ကြည်လင်လင်နဲ့

တက်ရောက်ဖို့ မင်္ဂလာရှိတဲ့ ညီလာခံကို ကြိုဆိုကြပါစို့လို့-
ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။